# မြန်မာနိုင်ငံရှိ အကျပ်အတည်းကို ချက်ချင်းကိုင်တွယ်ဖြေရှင်းပေးရန်အတွက် ဘုံသဘောတူညီချက်ငါးရပ်ကို ကျော်လွန်၍ လုပ်ဆောင်ရန် အာဆီယံခေါင်းဆောင်များထံ ပေးပို့သော အိတ်ဖွင့်ပေးစာ

သို့

H.E. Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah, Prime Minister of Brunei
H.E Hun Sen, Prime Minister of Cambodia
H.E Joko Widodo, President of Indonesia
H.E Sonexay Siphandone, Prime Minister of Laos
H.E Anwar bin Ibrahim, Prime Minister of Malaysia
H.E Ferdinand Romualdez Marcos Jr, President of the Philippines
H.E Lee Hsien Loong, Prime Minister of Singapore
H.E Prayut Chan-o-cha, Prime Minister of Thailand
H.E. Pham Minh Chinh, Prime Minister of Vietnam

**လေးစားရပါသော ဂုဏ်သရေရှိ လူကြီးမင်းများရှင့်/ခင်ဗျား**

အောက်တွင်လက်မှတ်ရေးထိုးထားသော မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိနေသော အကျပ်အတည်း အဆုံးသတ်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများစွာ ကျူးလွန်ထားသူ မြန်မာစစ်အုပ်စုကို ၎င်းတို့၏ ဆိုးရွားလှသည့် လုပ်ရပ်များအပေါ် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထံမှ ခိုင်မာရှင်းလင်းသည့် လုပ်ဆောင်မှုများ ကင်းမဲ့နေသည့်အပေါ် အလွန်အမင်း စိုးရိမ်ပူပန်ပါသည်။ ဒေသတွင်းအသင်းကြီးအနေဖြင့် အကျပ်အတည်းကို ဖြေရှင်းရန်အတွက် ခိုင်မာသော လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရန် မိမိတို့မှ တောင်းဆိုသည်။

ပထမဦးဆုံးအနေဖြင့်ဆိုရလျှင် ဘုံသဘောတူညီချက်ငါးရပ် (5PC) သည် မြန်မာပြည်သူတို့၏ သဘောထားဆန္ဒကို ကိုယ်စားပြုနိုင်သည့် တရားဝင်မှုမရှိသော စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံခေါင်းဆောင် တို့အကြား သဘောတူခဲ့သော ငြိမ်းချမ်းရေး အစီအစဉ် တစ်ရပ်သာ ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် မြန်မာစစ်အုပ်စုသည် ၁) အကြမ်းဖက်မှုများ ချက်ချင်းအဆုံးသတ်ရန် ၂) ပါဝင်ပတ်သက်သူများအားလုံးအကြား ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် ၃) အထူးသံတမန်တစ်ဦး ခန့်အပ်ရန် ၄) အာဆီယံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ခွင့်ပြုရန်၊ နှင့် ၅) အာဆီယံအထူးသံတမန်ကို မြန်မာနိုင်ငံသို့ သွားရောက်ပြီး အစုအဖွဲ့များအားလုံးနှင့် တွေ့ဆုံခွင့်ပြုရန် ဟူသော ဘုံသဘောတူညီချက်ငါးရပ်ကို ချမှတ်ခဲ့သည့်အချိန်မှစ၍ ယင်းသဘောတူညီချက်များကို လုံးဝမျက်ကွယ်ပြုနေသည်။[1]

မြန်မာနိုင်ငံ၏ အမျိုးမျိုးသောပဋိပက္ခများကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန်အတွက် အာဆီယံသည် ထိရောက်သော အကောင်အထည်ဖော်ဆောင်မှု လုပ်ဆောင်နိုင်ရန် ၎င်း၏ ဘုံသဘောတူညီချက်ငါးရပ်ကို ပြန်လည်သုံးသပ်ပြင်ဆင်ရမည် ဖြစ်သည်။

ဘုံသဘောတူညီချက်ငါးရပ်ကို ရေးဆွဲချမှတ်ရန် ဂျာကာတာမြို့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ နှစ်နှစ်တာကြာသည့်တိုင် အာဆီယံသည် ယင်းသဘောတူထားသော အချက်များအပေါ် မြန်မာစစ်အုပ်စုမှ ပေးထားသော ကတိကဝတ်များအတွက် ၎င်းကိုတာဝန်ယူတာဝန်ခံစေရေး မဆောင်ရွက်နိုင်ခဲ့ရုံသာမက အရှေ့တောင်အာရှဒေသအတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှု တိုးတက်လာစေရေးတို့အတွက် ၎င်း၏ အားထုတ်မှုနှင့် ခေါင်းဆောင်မှုတို့ကို စုစည်းရန်လည်း ပျက်ကွက်ခဲ့သည်။

## ကြားဝင်ဆောင်ရွက်မှု လိုအပ်ချက်

အာဆီယံ၏ ကြားဝင်ဆောင်ရွက်မှု မရှိသည့်အခြေအနေတွင် မြန်မာစစ်အုပ်စုသည် ဘုံသဘောတူညီချက်ငါးရပ်ကို လေးစားလိုက်နာရန် နှစ်နှစ်ကျော်ကြာ ဆက်တိုက်ငြင်းဆန်ခဲ့သည်။ စစ်အုပ်စုသည် အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ချိန်မှစ၍ အရပ်သားပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှုအပါအဝင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

ဘုံသဘောတူညီချက်ငါးရပ်နှင့်ပတ်သက်၍ တိုးတက်ပြောင်းလဲမှု မရှိသည့်အပေါ် ပြစ်ဒဏ်ခတ်သည့်အနေဖြင့် စစ်အုပ်စုကို အာဆီယံအသင်းကြီး၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခွင့်ပိတ်ပင်ခဲ့ခြင်း အပါအဝင် မြန်မာနိုင်ငံ၏ အကျပ်အတည်းအပေါ် အာဆီယံ၏ ချဉ်းကပ်မှုက လုံလောက်မှုနှင့် ထိရောက်မှုမရှိနေကြောင်းကို သက်သေပြခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံ အကျပ်အတည်းအပေါ် အရေးယူဆောင်ရွက်မှု မရှိခြင်းသည် နိုင်ငံအတွင်းရှိနေသော အတိဒုက္ခများကို သက်ဆိုးရှည်စေမည်ဖြစ်ပြီး စစ်အုပ်စုအား ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်ရန် ပိုမိုအတင့်ရဲလာစေမည် ဖြစ်သည်။

[1] https://asean.org/wp-content/uploads/Chairmans-Statement-on-ALM-Five-Point-Consensus-24-April-2021-FINAL-a-1.pdf

ဘုံသဘောတူညီချက်ငါးရပ်သည် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ရပ်တန့်ရန် ပျက်ကွက်ခဲ့ခြင်းအပေါ် မိမိတို့မှ လွန်စွာထိတ်လန့်တုန်လှုပ်ရပါသည်။

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် စစ်အုပ်စု၏ တိုက်ခိုက်ရေးဂျက်လေယာဉ်တစ်စင်းသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ရုံးသစ်ဖွင့်ပွဲသို့ တက်ရောက်သည့် ပြည်သူအယောက် ၃၀၀ နီးပါးအပေါ် ဗုံးကြဲချခဲ့သည်။ အဆိုပါ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ရုံးသည် စစ်အုပ်စုက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် တရားမဝင်သတ်မှတ်ထားသော ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို အခြေခံ၍ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လက်အောက်တွင် စီမံလည်ပတ်နေခြင်း ဖြစ်သည်။ လေကြောင်းမှ ဗုံးကြဲပြီး အနည်းငယ်အကြာတွင် အဆိုပါနယ်မြေကို Mi-35 ရဟတ်ယာဉ် တစ်စီးဖြင့် ၁၀ မိနစ် ခန့်ကြာအောင် ပစ်ခတ်ခဲ့သည်။ ထိုဖြစ်စဉ်တွင် အမျိုးသမီး ၂၄ ဦးနှင့် ကလေးသူငယ် ၄၀ ဦးအပါအဝင် အနည်းဆုံး ပြည်သူ ၁၆၈ ဦး သေဆုံးခဲ့ရသည်။[2] လက်ရှိတွင် အသက်ရှင်ကျန်ရစ်သည့် ထိခိုက်ဒဏ်ရာရရှိသူများ၏ အခြေအနေမှာ ဆိုးရွားလာနေသည့်အတွက် သေဆုံးသူအရေအတွက်သည် ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည်။ ထို့အပြင် ဗုံးဒဏ်ထိခဲ့သူအများအပြားသည် ခန္ဓာကိုယ်များ ကြေမွသွားခြင်း၊ အစိတ်အပိုင်းများ တစ်စစီဖြစ်သွားခြင်း သို့မဟုတ် မမှတ်မိနိုင်လောက်အောင် မီးလောင်ကျွမ်းခံထားရခြင်း စသည့်အခြေအနေများတွင် ရှိနေသည်။

စစ်အုပ်စုသည် မြေပြင်တွင် ဒီမိုကရေစီအင်အားစုများကို ရှုံးနိမ့်နေသည့်အတွက် ကြီးမားသော ထိခိုက်ပျက်စီးမှုများနှင့် အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်စေရန် ဗျူဟာတစ်ရပ်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများကို တိုးမြှင့်အသုံးပြုလာနေသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းတွင် လေကြောင်းတိုက်ခိုက်မှုကို ၇၃၄ ကြိမ်အထိပြုလုပ်ခဲ့ပြီး အရပ်သား ၃၅၆ ဦး သေဆုံးစေခဲ့သည်။[3] ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားသေကြေပျက်စီးမှု အရေအတွက် အမြင့်ဆုံးနိုင်ငံ ဖြစ်သည်။ ယင်းမှာ အရပ်သားများအပေါ် လေကြောင်းတိုက်ခိုက်မှုနှင့် အခြားစစ်ဘက်ဆိုင်ရာ တိုက်ခိုက်မှုများ တစ်ဟုန်ထိုးမြင့်တက်လာသည်ကို ဖော်ပြနေသည်။[4]

အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်ချမှတ်ခဲ့ခြင်း နှစ်ပတ်လည်ရောက်ရှိရန် နှစ်ပတ်ခန့် အလိုတွင် ဖြစ်ပွားသည့် ၎င်းသွေးထွက်သံယိုလေကြောင်းတိုက်ခိုက်မှုသည် အဓိပ္ပာယ်ပြည့်ဝသော

[2] https://www.facebook.com/mohrmyanmar/posts/pfbid0tMqm3bQGnyPLiw6izS5AVjtHwhJQ115V8MqEfJhpnN1oGJrieBDQkQvWEccp58Q1l
[3] https://www.bbc.com/news/world-asia-64397397
[4] https://acleddata.com/dashboard/#/dashboard/5FA5F208862EE223530B4E448B9CDD2C; https://acleddata.com/dashboard/#/dashboard/5FA5F208862EE223530B4E448B9CDD2C/D8D886E3DA1C86D4614C6C43E043E559

ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာစစ်အုပ်စုက မပါဝင်လိုကြောင်း ငြင်းဆန်နေသည်ကို သတိပေး ပြသလိုက်ခြင်းပင် ဖြစ်သည်။

ထိုတိုက်ခိုက်မှုအပြီးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် António Guterres နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီး Volker Türk တို့ အပါအဝင် နိုင်ငံတကာ တာဝန်ရှိသူများက စိုးရိမ်ပူပန်ကြောင်းနှင့် ပြစ်တင်ရှုတ်ချကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံကလည်း အာဆီယံဥက္ကဋ္ဌရာထူးနေရာမှတစ်ဆင့် ယင်းတိုက်ခိုက်မှုကို ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[5] သို့ရာတွင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သော ရာဇဝတ်မှုများကို အပြစ်ပေးခံရခြင်း အလျဉ်းမရှိဘဲ ဆက်လက်ကျူးလွန်နေသော မြန်မာစစ်အုပ်စုအပေါ် ပြစ်ဒဏ်ချမှတ်သည့် အရေးယူဆောင်ရွက်မှုများ မပါရှိသည့် ယင်းကဲ့သို့သော ထုတ်ပြန်ကြေညာချက်များသည် မည်သည့်အစွမ်းအစမျှ မရှိပေ။

## တာဝန်ယူမှု တာဝန်ခံမှု ကင်းမဲ့ခြင်း

မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ တိုက်ခိုက်မှုများအတွက် အကြောင်းပြချက်ပေးနေခြင်းကို ရပ်တန့်ရမည် ဖြစ်သည်။

စစ်အုပ်စုမှ နောက်ဆုံးပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှု ပုံစံအားလုံးကို ချက်ချင်းရပ်တန့်ရန် နှင့် တင်းမာမှုများကို ကန့်သတ်၊ လျှော့ချရန် တောင်းဆိုထားသော ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉ ကို လေးစားလိုက်နာရန် ငြင်းဆန်နေခြင်းကို ဖော်ပြနေသည်။

လွန်ခဲ့သော နှစ်ပတ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် စိတ်ထင်တိုင်း သာလွန်အင်အား သုံးစွဲလုပ်ဆောင်နေခြင်းကို ရှုတ်ချသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် (A/HRC/52/32) ကို အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ဖြင့် ချမှတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ကျောင်းသား ကလေးသူငယ် ၁၁ ဦး သေဆုံးခဲ့သည့် လေကြောင်းတိုက်ခိုက်မှု[6] နှင့် ဂီတဖျော်ဖြေပွဲတစ်ခုအတွင်း လူပေါင်း ၆၀ ကျော် သေဆုံးခဲ့သည့် လေကြောင်းတိုက်ခိုက်မှု[7] များဖြစ်သည့် ၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုနှစ်ခုအပြီးတွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ သို့သော် စစ်အုပ်စုသည်

[5] https://asean.org/asean-chairs-statement-on-the-recent-air-strikes-in-pa-zi-gyi-village-kanbalu-township-sagaing-region-of-myanmar/l
[6] https://www.rfa.org/english/news/myanmar/school-09192022171540.html
[7] https://www.rfa.org/english/news/myanmar/airstrike-10242022190133.html

ယင်းဆုံးဖြတ်ချက်အပေါ် တုံ့ပြန်တာဝန်ယူမှု မရှိသည်မှာ ရှင်းလင်းကြောင်း မကြာသေးမီက ဖြစ်ပွားခဲ့သည့် ပဇီကြီးကျေးရွာတိုက်ခိုက်မှုက သက်သေပြနေသည်။

တစ်ချိန်တည်းတွင် စစ်အုပ်စုသည် နိုင်ငံရေးနှင့် ဗျူဟာရေးအရ အသာစီးရရန် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လက်နက်သဖွယ် ဆက်လက်အသုံးချနေသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို မြန်မာစစ်အုပ်စုမှ လက်ရှိကျူးလွန်နေသော ရက်စက်ကြမ်းကြုတ်မှုများ၏ ဒဏ်အား အဆိုးဆုံး ခံစားနေရသူများထံ အကူအညီများ အမှန်တကယ် ရောက်ရှိစေရန် မမောနိုင် မပမ်းနိုင် ကြိုးစားဆောင်ရွက်နေသည့် ဒေသခံ နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်နေသူများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရှေ့တန်းမျက်နှာစာတွင် လုပ်ဆောင်နေသူများမှတစ်ဆင့် ပေးပို့ဖြန့်ဝေရန် အလွန်အရေးကြီးသည်။ စစ်အုပ်စုသည် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနဖြစ်သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစင်တာ (AHA Centre) ၏ စီမံအုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် ဆက်လက်ကိုယ်စားပြုပါဝင်ခွင့် ရရှိနေသေးသည့်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည့် အကြောင်းရင်းခံစစ်အုပ်စုက AHA Centre ၏ အစီအစဉ်များကို ထိန်းချုပ်ခွင့်ရနေမည် ဖြစ်သည်။ ယင်းက အာဆီယံက လေးစားလိုက်နာရမည့် လွတ်လပ်အမှီအခိုကင်းမှုနှင့် ဘက်မလိုက်မှု ဟူသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများကို လွန်စွာထိခိုက်ယုတ်လျော့စေမည် ဖြစ်သည်။

ထို့အပြင် အာဆီယံသည် မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်တစ်ဦးကို ခန့်အပ်ရဦးမည် ဖြစ်သည်။ သို့မဟုတ် အနိမ့်ဆုံးအနေဖြင့် အာဆီယံသည် ယင်းခန့်အပ်မှုကို မည်သို့စီစဉ်လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်တွင် အရပ်ဘက်လူထုအဖွဲ့အစည်းများကို မည်သို့မည်ပုံ ပါဝင်စေမည် ဆိုသောအချက်နှင့်ပတ်သက်၍ လူသိရှင်ကြား ချပြရဦးမည် ဖြစ်သည်။

## အရေးယူဆောင်ရွက်ရန် တောင်းဆိုချက်

မြန်မာစစ်အုပ်စုမှ လူ့အသက်၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အပေါ် ပြောင်ပြောင်တင်းတင်း လျစ်လျူရှုနေခြင်းသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖော်ဆောင်လိုသည့် ၎င်း၏စိတ်ဆန္ဒ မရှိမှုကို ပြသနေခြင်းပင် ဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျင်းပရန်စီစဉ်ထားသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အောက်ပါတို့ကို လုပ်ဆောင်ရန် မိမိတို့မှ တိုက်တွန်းတောင်းဆိုသည် -

- စစ်အုပ်စုနှင့် နှစ်ဘက်အပြန်အလှန်ဆက်ဆံရေးကို ဖြတ်တောက်ခြင်းအားဖြင့် ၎င်းအား တရားဝင်မှု ပေးနေခြင်းကို ရပ်တန့်ရန်။
- အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်ကို ချက်ချင်းဖယ်ရှား၍ စစ်အုပ်စု၏ အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ရပ်တန့်ရန်အတွက် ပိုမိုထိရောက်မှုရှိပြီး ခိုင်မာပြတ်သားသော အရေးယူဆောင်ရွက်မှုတစ်ရပ်ကို ဖော်ဆောင်ရန်။
- မြန်မာပြည်သူအများစုက ထောက်ခံအားပေးသည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံအစိုးရ ဖြစ်သည့် NUG၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EROs) မှ ကိုယ်စားလှယ်များနှင့် မြန်မာအရပ်ဘက်လူထုအဖွဲ့အစည်းများ ပါဝင်ရမည့် အမှန်တကယ် အပြုသဘောဆောင်သော စုံလင်ပါဝင်မှုရှိသည့် ဆွေးနွေးမှုတစ်ရပ်ကို သက်ဆိုင်ပါဝင်သူ အစုအဖွဲ့များနှင့် ချက်ချင်းစီစဉ်ဆောင်ရွက်ရန်။
- အထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို လူ့အခွင့်အရေးမူဝါဒများ၊ တရားမျှတမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့တွင် အခြေတည်သော လုပ်ပိုင်ခွင့်အာဏာတစ်ရပ်အဖြစ် ရှင်းရှင်းလင်းလင်း ချမှတ်ရန်။ အထူးသံတမန်၏ အခန်းကဏ္ဍသည် အချိန်ပြည့်ဖြစ်ရမည်ဖြစ်ပြီး သက်တမ်းမှာ တစ်နှစ်ထက် ပိုရမည် ဖြစ်ကာ ထိုအထူးသံတမန်သည် လက်ရှိအာဆီယံဥက္ကဋ္ဌအစား အာဆီယံခေါင်းဆောင်များနှင့် နိုင်ငံခြားရေးဝန်ကြီးများထံ တာဝန်ခံရမည် ဖြစ်သည်။
- အထူးသံတမန်ကို သက်ဆိုင်ပါဝင်သူအားလုံး အထူးသဖြင့် NUG၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ EROs တို့နှင့် ထိတွေ့ဆက်ဆံရေး သေချာစွာ လုပ်ဆောင်ရန်။
- မြန်မာနိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရေးကြိုးပမ်းမှုတွင် ကုလသမဂ္ဂ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အထွေထွေအတွင်းရေးမှူးချုပ် တို့နှင့် နီးနီးကပ်ကပ် လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သည်။ ပဋိပက္ခအခြေအနေများကို ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ ကုလသမဂ္ဂ၏ အတွေ့အကြုံနှင့် ဗဟုသုတများက အာဆီယံ၏ တုံ့ပြန်ဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းလာစေရန် အထောက်အကူပြုနိုင်မည် ဖြစ်သည်။
- အထူးသဖြင့်၂၀၂၃ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သော အင်ဒိုနီးရှားနိုင်ငံအစိုးရအနေဖြင့် ဆွေးနွေးမှုများကို စီစဉ်ပံ့ပိုးပေးရန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ အထူးသံတမန် ခန့်အပ်မှုနှင့် စီစဉ်ဆောင်ရွက်မှုများကို အချိန်မဆိုင်းဘဲ ထုတ်ပြန်ကြေညာရန်။

အာဆီယံ၏ တာဝန်ယူမှု တာဝန်ခံမှု၊ ယုံကြည်အားထားရမှုနှင့် ထိရောက်မှုတို့ကို ပြသရန်အတွက် မြေပြင်မှ ပြည်သူများ၏အသံနှင့် ထပ်တူကျသည့် ခိုင်မာအားကောင်းသော အရေးယူဆောင်ရွက်မှုများကို လာမည့်ထိပ်သီးအစည်းအဝေးက ကြားသိပြီး အကောင်အထည် ဖော်ဆောင်လိမ့်မည်ဟု မိမိတို့မှ အလေးအနက်ထား မျှော်လင့်ပါသည်။ မိမိတို့ အရပ်ဘက်လူထုအဖွဲ့အစည်းများအနေဖြင့် အာဆီယံနှင့် သွေးစည်းညီညွတ်စွာရပ်တည်၍ ပံ့ပိုးမှုများ လုပ်ဆောင်ပေးရန် အသင့်ရှိသည်။ လူသားအားလုံး၏

အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ ရှိလာစေရေးတို့အတွက် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များကို မိမိတို့မှ အာဆီယံနှင့်အတူ လေ့လာစောင့်ကြည့်သွားမည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ် မေလတွင် ပြုလုပ်မည့် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးလိုသည့် ဆန္ဒရှိကြောင်းကို မိမိတို့အနေဖြင့် အလေးအနက်ထား ထုတ်ဖော်ပြောကြားလိုသည်။ လူကြီးမင်းတို့မှ အချိန်ပေးမှုနှင့် အလေးပေးမှုတို့အတွက် ကျေးဇူးတင်ရှိပါသည်။

လေးစားစွာဖြင့်

လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ -

1. Ain o Salish Kendra (Bangladesh, ASK)
2. All Women’s Action Society (Malaysia, AWAM)
3. ALTSEAN Burma
4. Asia Justice and Rights
5. Asian Forum for Human Rights and Development
6. Association of Human Rights Defenders and Promoters
7. Athan – Freedom of Expression Activist Organization
8. Cambodian Human Rights and Development Association (Cambodia, ADHOC)
9. Centre for Human Rights and Development (Mongolia, CHRD)
10. Commission for the Disappeared and Victims of Violence (KontraS)
11. Defense of Human Rights and Public Service Trust (Pakistan, DHR)
12. Dignity (Kazakhstan)
13. Equality Myanmar
14. Future Light Center
15. Grass-root People
16. Human Rights Educators Network
17. Human Rights Measurement Initiative Charitable Trust (HRMI)
18. Initiatives for International Dialogue
19. Kazakhstan International Bureau for Human Rights and Rule of Law (Kazakhstan, KIBHR)
20. Keng Tung Youth
21. Let’s Help Each Other
22. Madaripur Legal Aid Association (Bangladesh, MLAA)
23. Maldivian Democracy Network (Maldives, MDN)
24. Metta Campaign Mandalay
25. Myanmar People Alliance (Shan State)

26. National Commission for Justice and Peace (Bangladesh, NCJP)
27. Network for Human Rights Documentation Burma (ND-Burma)
28. Odhikar (Bangladesh)
29. People's Solidarity for Participatory Democracy (South Korea, PSPD)
30. People's Watch (India)
31. Progressive Voice
32. Pusat Komas (Malaysia)
33. Refugee and Migratory Movements Research Unit (Bangladesh, RMMU)
34. Save and Care Organization for Women at Ethnic Border Areas
35. Shan MATA
36. Southern Youth Development Organization
37. Tanintharyi MATA
38. The Awakening (Pakistan)
39. Think Centre (Singapore)
40. Women's Rehabilitation Centre (Nepal, WOREC)